## ရည်ရွယ်ချက်

ကမ္ဘာ့မျက်မမြင် ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရတဲ့ ရည်ရွယ်ချက်မှာ မျက်စိကွယ်ခြင်းနှင့် အမြင်အာရုံချို့ယွင်းခြင်းများသည် ပြည်သူ့ကျန်းမာရေးပြဿနာ တစ်ခုဖြစ်ကြောင်းကိုသိရှိနားလည်ပြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အပါအဝင်အခြားသော ဝန်ကြီးဌာနများ၊ဦးစီးဌာနများအားလုံး ပြည်သူလူထုနှင့်အတူ တက်ညီလက်ညီပူးပေါင်းပြီး မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်လာစေရန်နှင့် ကာကွယ် ကုသ၍ရသော မျက်စိရောဂါများကြောင့် မျက်မမြင်ဖြစ်ပွားမှု လျော့နည်းပပျောက် သွားစေရန်တို့ဖြစ်ပါသည်။